ISP-MYANMAR
www.ISPMyanmar.com


WHAT MATTERS

1 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ


### တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများ၊ အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ




တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျဆင်းသွားခဲ့ရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနောက်ပိုင်း ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်အတူ ပြန်လည်မြင့်တက်လာခဲ့သည်။ လက်ရှိအချိန်တွင် တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားနေသော တိုက်ပွဲများအပြင် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား ပစ်ခတ်တိုက်ခိုက်မှုများလည်း ပိုများလာပါသည်။ အဆိုပါ တိုက်ပွဲများနှင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အများဆုံးဖြစ်ခဲ့ပြီး ၅၇ ဦး ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးမှု ၁၆၆ ဦးကျော် ရှိခဲ့ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)
## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ




- အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားမှု
- တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားမှု
- အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားမှု

■ **တိုက်ပွဲဖြစ်ပွားခဲ့သော နေရာများ**

**၂၀၂၁ ခုနှစ် ဇူလိုင် ၁ မှ ဩဂုတ် ၃၁ ရက်အတွင်း** မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ တိုက်ပွဲအမျိုးအစားအားဖြင့် သုံးမျိုးခွဲခြားထားပြီး အာဏာသိမ်း စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသောတိုက်ပွဲများ၊ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်ပွားသော တိုက်ပွဲများဟူ၍ ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်မီ ဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

1 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်နယ်မြေများအတွင်း ဖြစ်ပွားသောတိုက်ပွဲများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၈၇၃ ကြိမ်ထက် မနည်း ရှိခဲ့ပါသည်။ အများစုမှာ KNU နယ်မြေများအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများဖြစ်သည်။ KNU ၏ထုတ်ပြန်ချက်ကို ကိုးကားထားသည့် KIC သတင်းဌာန၏ ဖော်ပြချက်အရ **ဩဂုတ်တလအတွင်း KNU တပ်မဟာ(၅) နယ်မြေ၌ အာဏာသိမ်း စစ်ကောင်စီနှင့် KNU တို့အကြား တိုက်ပွဲပေါင်း အကြိမ် ၁၃၀ ဖြစ်ပွားခဲ့ပြီး၊ စစ်ကောင်စီဘက်မှ ၁၁၈ ဦး ကျဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ ၆၈ ဦး၊ KNU တပ်မဟာ (၅)ဘက်မှ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း** သိရပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

1 September, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)

တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြားဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများ




၂၀၂၁ ခုနှစ် ဧပြီလမှစ၍ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသအချို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြားတွင်လည်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ရှိလာခဲ့သည်။ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အရပ်သားသေဆုံးသူ ၂၈ ဦး ရှိခဲ့ပြီး အများဆုံးဖြစ်သည်။ ဧပြီမှ ဩဂုတ် ၃၁ ရက်အထိ ဖြစ်ပွားခဲ့သော အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးသူ ၅၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၆ ဦးထက်မနည်း ရှိလာခဲ့သည်။ **ယခုဖော်ပြပါ အချက်အလက်များသည် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ စာရင်းကိုသာ ကောက်ယူထားခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့များ၏ ကျဆုံး၊ ထိခိုက်ဒဏ်ရာရစာရင်းကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။**

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### ■ နေရပ်စွန့်ခွာ စစ်ပြေးဒုက္ခသည်များ

စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်
**၂၇၁,၄၅၆+**

ပြည်တွင်းဒုက္ခသည် စုစုပေါင်း
**၇၆၈,၉၅၆+**

ယခင် ရှိထားသော အရေအတွက်
**၄၉၇,၅၀၀+**

ပြည်ပဒုက္ခသည် စုစုပေါင်း
**၉၇၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း ၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည် ၈၈၀,၀၀၀ ကျော် ရှိနေသည်။


လက်နက်ကိုင် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ စုစုပေါင်း ၇၆၈,၉၅၆ ကျော် ရှိလာသည်။ အဆိုပါ ပမာဏအနက် ၂၇၁,၄၅၆ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ် အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ စစ်ဘေးရှောင် ဒုက္ခသည် အရေအတွက် ၂၅၉,၆၀၀ ကျော် **(အလေးထားရမည့်အကြောင်း အချက်များ အမှတ်-၃၉ ကိုရှု)** ရှိခဲ့ရာမှ ယခု ၂၇၁,၄၅၆ ကျော်အထိ ရှိလာသဖြင့် ယခုတပတ်အတွင်း ၁၁,၈၅၆ ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လ စတုတ္ထပတ်အတွင်း ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် စစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့အသီးသီးတို့အကြား အပြန်အလှန်ပစ်ခတ်မှုများ၊ စစ်ကောင်စီဘက်မှ စီးနင်းဝင်ရောက်ခဲ့မှုများကြောင့် အဆိုပါဒေသများမှ ပြည်သူ ၁၀,၀၀၀ ကျော်ခန့်မှာ ဘေးလွတ်ရာသို့ ထပ်မံထွက်ပြေးတိမ်းရှောင်လာခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ ဧပြီလမှစ၍ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား ပစ်ခတ်မှုများ ဖြစ်ခဲ့သည်။ ဩဂုတ်လနောက်ဆုံးအပတ်အတွင်း စစ်ကိုင်းတိုင်းရှိ ကျေးရွာအချို့သို့ စစ်ကောင်စီဘက်မှ ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ဒေသခံပြည်သူ ၅,၀၀၀ ကျော်မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အလားတူ ကယားပြည်နယ်တွင်လည်း စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲများအတွင်း လက်နက်ကြီးကျရောက်မှုများကြောင့် အနီးအနားရှိ ဒေသခံပြည်သူ ၅,၀၀၀ ကျော်မှာလည်း ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို
အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်များ တိုးပွားလာသည့်အကြောင်းရင်း

**ကယားပြည်နယ်**

ဩဂုတ် ၂၈ နဲ့ ၂၉ ရက်အတွင်း ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်မှာ အာဏာသိမ်းစစ်ကောင်စီနှင့် ကရင်နီ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများအတွင်း စစ်ကောင်စီဘက်မှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အနီးအနားရှိ ရွာပေါင်း ခုနစ်ရွာမှ ဒေသခံ ၅,၀၀၀ ကျော် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ရှမ်းပြည်နယ် မြောက်ပိုင်း**

ဩဂုတ်လအတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် MNDAA တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ဒေသခံပြည်သူ ၈၀၀ ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချင်းချင်းအကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့်လည်း ဒေသခံပြည်သူ ၇၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**စစ်ကိုင်းတိုင်း**

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့သို့ စစ်ကောင်စီမှ ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အနီးအနားရှိ ဒေသခံပြည်သူ ၅,၀၀၀ ကျော်ခန့်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ကချင်ပြည်နယ်**

ဩဂုတ် ၂၇ ရက်က ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်းရှိ တန့်ဂျာရွာအနီး စစ်ကောင်စီနှင့် KIA တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် စစ်ကောင်စီဘက်မှ နေအိမ်အချို့တွင် တပ်စွဲထားမှုများရှိနေပြီး အနီးအနားရှိ ဒေသခံပြည်သူ ၄၀၀ ကျော်ခန့်မှာ ထွက်ပြေးတိမ်းရှောင်နေရဆဲဖြစ်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။


# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးရမှု ၁၆၆ ဦးကျော်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၁၃၈ ဦးကျော် ရှိခဲ့ပါသည်။ လအလိုက်ကြည့်မည်ဆိုပါက ဖေဖော်ဝါရီတွင် ၁၁ ဦး၊ မတ်တွင် ၁၆ ဦး၊ ဧပြီတွင် ၃၆ ဦး၊ မေတွင် ၂၂ ဦး၊ ဇွန်တွင် ၅၇ ဦး၊ ဇူလိုင်တွင် ၆ ဦးနှင့် ဩဂုတ်လတွင် သေဆုံးသူ ၁၈ ဦး ရှိခဲ့သည်။ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့သို့ စစ်ကောင်စီဘက်မှ ဝင်ရောက်စီးနင်းခဲ့ပြီး လိုက်လံပစ်ခတ်မှုများရှိခဲ့သောကြောင့် ဒေသခံပြည်သူ ၁၁ ဦး သေဆုံးခဲ့ရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ကိန်းဂဏန်းများကို ကြည့်ပါက တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများနှင့် အပြန်အလှန် ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာ ၃၅၅ ဦးကျော် ရှိလာပြီး၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက် ၆၇၆ ဦးကျော် ရှိလာသည်။ အခြားတဖက်တွင်လည်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် အင်အားသုံး ဖြိုခွင်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ ဩဂုတ် ၃၁ ရက် အတွင်း သေဆုံးရသူ ၁,၀၄၀ ဦးကျော် ရှိလာခဲ့ပါသည်။




ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။